# မနက်ဖြန် အတွက် ဒီကနေ့




၂၀၀၉ခုနှစ် ဇူလိုင်လ ၂ရက်နေ့ တိုကျို မြို့ ချိယိုဒါကု၊ ခါဆုမီဂါ့ဆေကိ ရှိ ဂျပန်နိုင်ငံ နိုင်ငံ ခြားရေးဝန် ကြီး ရုံးဝင်း အပြင် မျက်နှာစာ တွင် ညနေ ၃နာရီ မှ စတင်ဆန္ဒပြခဲ့ ကြပါသည်။ မနက် ဖြန် ဇူလိုင်လ ၃ရက်နေ့ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာပြည်သွားရောက်မည်ဖြစ်ရာ ထိုခရီးစဉ် တွင် မစ္စတာ ဘန်ကီမွန်း ဆောင်ရွက် ပေးစေ လိုသော အချက်များ တောင်းဆိုရန် ယမန်နေ့ ကကဲ့သို့ပင် ဆက်လက်ဆန္ဒပြခဲ့ ကြပါသည်။

ယနေ့ဆန္ဒပြပွဲ သို့ နိုင်ငံရေး အဖွဲ့အစည်းအသီးသီးနှင့် တိုင်းရင်းသား အဖွဲ့ အစည်းအသီးသီး မှ



စုစုပေါင်းအင်အား၇၀ ကျော် တက်ရောက် လာခဲ့ရာ မိုးရွာထဲမှာပင် ကြံ့ကြံ့ခံ ဆန္ဒပြခဲ့ ကြပါသည်။ယနေ့လည်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဂျပန်ဌာနခွဲ)မှ ကိုမြတ်သူမှ အားလုံးကိုယ်စား ဆန္ဒပြပွဲ၏ ရည်ရွယ်ချက် များရှင်းလင်းပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အနေနှင့် မိမိ ပြောစကား နှင့်အညီ ဖြစ်အောင် လုပ်ဆောင်ဖို့ တာဝန်ရှိကြောင်း၊ လုပ်အောင်လည်းမြန်မာ့ဒီမိုကရေစီ အင်အားစုများက ဖိအားပေးသင့်ကြောင်း၊ယခုလို ဒီမိုကရေစီအင်အားစုများ က အဆက်မပြတ်လှုပ်ရှားနေ ခြင်းကြောင့် နအဖ က ဒေါ်အောင်ဆန်းစုကြည်အမှုစီရင်ချက်ချရန်နှောင့်နှေးနေတာလည်းဖြစ်နိုင်ကြောင်း၊



ထို့အပြင်ကျွန်တော်တို့ဟာဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး တောင်းဆို တာ လူပုဂ္ဂိလ်ရေး အရ မဟုတ်ပါ ။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် နှင့် သူ၏ လုပ် ရပ်များက မြန်မာပြည်သူလူထု ကြီး ကို ကိုယ်စားပြုနေသလို ပြည်သူများကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့်အတူတသားတည်းရှိနေသည်ကို ဒီမိုကရေစီအင်အားစုများကနားလည်ပေးစေလိုကြောင်း၊ထို့ ကြောင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး တောင်းဆိုခြင်းသည် ကျွန်တော်တို့ပြည်သူတွေ လွတ်မြောက်ရေးကိုတောင်းဆိုတာဖြစ်ကြောင်းနားလည်ပေးကြပါရန် ရှင်းပြခဲ့ပါသည်။ဆက်လက်၍ ၈၈ ကျောင်းသားခေါင်းဆောင် ကို ထွန်းမင်းအောင်ရေးသားသော (ဒေါ်အောင်ဆန်းစုကြည် နေ့များ) ကို ဖတ်ကြား ပြီးညနေ၄နာရီ တွင် ဆန္ဒပြပွဲပြီးဆုံးခဲ့ပါသည်။ မနက်ဖြန် ညနေ ၃နာရီတွင် တိုကျိုမြို့ ရှိဘူယမြို့နယ် ကမ္ဘာ့ကုလသမဂ္ဂရုံးရှေ့တွင်ဆန္ဒပြမည်ဖြစ်ကြောင်းဒီမိုကရေစီအင်အားစုအပေါင်းကိုအသိပေးဖိတ်ကြားအပ်ပါသည်။

သတင်း၊ဗီဒီယို၊ဓါတ်ပုံ စိုးအောင်ဂင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ

သတင်းနှင့် ပြန်ကြားရေး။

ဆန်နီသတင်းနှင့်ပြန်ကြားရေးတာဝန်ခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ**Room (303) Villapallet Bldg, 1 - 3 - 23 Nishi - Sugamo, Toshima-ku , Tokyo170 - 0001JapanTel/Fax03(5974 -1981)nldlajp@yahoo.co.jp/**http://www.nldlajpbranch.com